
ပီပီ
လှေဦးထိပ်မှာ

# Part 1

## ၁။ မရင်မြမက်သော အိပ်မက် နှင့်သူမ၏ ဘဝဇာတ်ကြောင်း။

လပြည့်ညမို့ ပြည့်ဝစွာ သာနေသော လမင်းကြီး၏ အလင်းရောင်အောက်တွင် ချောင်းရိုးလေး နံဘေးက ယာတဲအိမ်လေးမှာ နေချင်စဖွယ် သာယာလှပနပေါ၏။

ထိုယာတဲအိမ်လေး၏ ပိုင်ရှင်ဇနီးမောင်နှံတို့ ၏ အမည်ကား ကိုကံဦးနှင့် မရင်မြ ဟု ခေါ်ဆိုပါ၏။

ယာတဲဝတွင် မရင်မြသည် ဗိုက်ကြီးတကားကားနှင့် ပန်းကန်ခွက်ယောက်များ သိမ်းဆည်းနေသလို၊ ချောင်းစပ်က လှေအနီးမှာ လည်း ကိုကံဦးတစ်ယောက် အလုပ်များ နေပါ၏။

ကိုကံဦး တစ်ယောက် ငါးဖမ်းပိုက်ကို လှေဝမ်းထဲသို့ ပစ်ထည့်ရင်း ဇနီးမယား အချောအလှ မရင်မြကို လှမ်းအော်လိုက်သည် ။

"ရင်မြရေ ငါ ချောင်းထဲ ပိုက်တန်းသွားတုန်း အိမ်မှာ ထင်သလိုကြဲမနေနဲ့ နော်၊ ဘုရားကန်တော့ပြီး စောစောအိပ်နှင့်"

ခပ်စွာစွာရှိသော မရင်မြက ငြိမ်မခံချေ။ သူမ၏ ကိုယ်ဝန်အရင့်အမာရှိနေလေသော ဗိုက်ကို ပုတ်ပြခါ တဲအိမ်ဝမှ နေ၍ ပြန်အော်လိုက်သည်

။

"ဟုတ်တယ် ကိုကံဦးရေ ... တော်မရှိတုန်း ကျုပ်က ဟောဒီ ၁၀ပေပတ်လည် တဲထဲ ဂျွမ်းပစ်လိုက်ဦးမယ်တော်ရေ ဂျွမ်းပစ်လိုက်ဦးမယ် ဟွန်း "

ကိုကံဦး သူ့မိန်းမ၏ အငေါ်တူးသော စကားကို နားဝင်ချိုရှော့လားမသိချေ။ တဟားဟား ရယ်မောရင်း ...

"ဟားဟားဟား အေးပါ မိန်းမရာ ဂျွမ်းပစ်မယ်ဆိုလည်း ပစ်ပေ့ါ၊ ဒါပေမယ့် ဗိုက်ထဲက ခလေး

ထွက်ကျပြီး ငုတ်တုတ်ထထိုင်နေဦးမယ်ဟေ့ ဟားဟား ... ..."

ကိုကံဦး သူ့စကားကို သူ့ဘာသာသဘောကျပြီး ရယ်မောလျက် လှေပေါ်တက်၍ ချောင်းရိုးလေးအတိုင်း လှော်ခတ်သွားသည် ။ ထုံးစံအတိုင်း ကိုကံဦး (တောက်ခေါက်သံ) ကြားရမည့် နေရာအထိ လှေကို လှော်ခတ်သွားမည်ဖြစ်ပါသည် ။

မရင်မြကတော့ နုတ်ခမ်းထော်ကျန် နေရစ်ခဲ့သည် ။ မရင်မြ၏ ကိုယ်ဝန်က ရင့်မာနေပြီ ဖြစ်သည် ။ သည် ကနေ့ မနက်ဖြန် ဘယ်နေ့မွေးမည်မသိ

မရင်မြ သူမ၏ စူထွက်ပြည့်ဖြိုးနေ သော ဗိုက်ကိုကြည့်၍ ပြုံးလိုက်သည် ။ သားကလေးလား သမီးကလေးလား မကြာခင် သဲကွဲစွာ သိရတော့မည်။

ရွာထဲက ဝမ်းဆွဲသည် အဒေါ်ကြီး ပြောတာကတော့ ယောက်ျားလေးတဲ့ ။ မရင်မြ ပြုံး၏။

"ညည်းက ဒီလောက်ပေ့ါပါးနေတာ၊ သေချာပါတယ်အေ ၊ ညီးဗိုက်

ထဲက ကလေးက ယောကျ်ားလေးပဲ၊ ငါ ပြောရင် လွဲခဲတယ်"

မရင်မြ လက်သည် ကြီး စကားကိုယုံကြည်၏။ သူမ၏ ဗိုက်ထဲက က လေးသည် ဧကန်မုချ သားယောကျ်ားလေး ဟု လည်း မရင်မြ သိနေပါ၏။ အဲတာကတော့ မရင်မြ၏ ထူးခြားအိပ်မက်ကြောင့် ဖြစ်သည် ။

ကိုကံဦး တောက်ခေါက်သံ ကြားရမည့် အရပ်ကို ရှာဖွေသည် ဆိုတာ က မရင်မြ အိပ်မက်က စခဲ့ခြင်း ဖြစ်၏။

မရင်မြ ကိုယ်ဝန် ရှိစက အိပ်မက်မှာ လွန်စွာထူးဆန်း၏။ အိပ်မက် ထဲမှာ သူမထံသို့ မြွေကြီးတစ်ကောင် ရောက်လာ၏။

သူမ က ထိုမြွေကြီးကို ကြောက်လန့်စိတ် နည်းနည်းမှ မဖြစ်မိ။ ချစ် ခင်သနားစိတ်ပင် ဝင်မိလေ၏။

မြွေကြီးက သူမအား လူလို စကားပြော၏။"အို မိခင် ... သားမောင် ဆာလောင် မွတ်သိပ်လှပါ၏ ။ သားမောင်အား နို့ချို တိုက်ကျွေးပါ ။ အ စာရေစာများ ဝလင်စွာ ကျွေးမွေးပါ မိခင်"

ဟု ဆိုကာ သူမတို့ တဲနှင့် ဝါးတစ်ပြန်လောက် ဝေးသောနေရာ၌ ပေါက်နေသည့်ဝါးရုံတောဝရှိ ခြတောင်ပို့ အနီးသို့ လျောကနဲ ဝင်ကာ ပျောက်ကွယ်သွား၏။

မရင်မြ အိပ်ယာကနိုးတော့ ထိုအိပ်မက်ကို ကိုကံဦးအား ပြော ပြသည် ။ ကိုကံဦးနှင့်အတူ ဝါးရုံတောဝက ခြတောင်ပို့ဟောင်းကို သွား ကြည့်၏။

ထိုနေရာ၌ ကြီးမားသော မြွေရေခွံကိုတွေ့ရလေ၏။ သေချာပြီ မြွေ ကြီးကသူမအား အိပ်မက် ပေးခြင်းသာ ဖြစ်မည်ဟု ကိုကံဦးအား ပြော ၏။

ကိုကံဦးနဲ့ မရင်မြတို့ လည်း မဆိုင်းမတွပဲနွားနို့၊ ပျားရည်၊ ပန်းပေါက်ပေါက်တို့ ကိုသန့်ရှင်းသော ခွက်တို့ ဖြင့် ထည့်၍ ခြတောင်ပို့ အနီး၌ ချထားပေးလိုက်သည် ။

ခြတောင်ပို့အပေါင်းလေး၏ တွင်းပေါက်ဝမှ အထဲသို့ နွားနို့နှင့်ပျားရည်တို့ ကို လောင်းသွန်ချပေး၏။ ဝန်းကျင်ကိုသန့်ရှင်းပေး၏။

သန့်ပြီးသောမြေ၌ ကိုကံဦးက ဝါးခြမ်းဖြင့် ရာဇမတ်ကွက်ပြုကာ အကာအရံတစ်ခု လုပ်ပေးသည် ။ သဲဖြူခင်းပေးထားသည် ။ စက္ကူဖြင့် ပြုလုပ်ထားသော ထီးဖြူ ၇ စင်း မိုးကာပေးထား၏။

ထိုညဉ့် မရင်မြ ထပ်၍ အိပ်မက်သစ်မြင်မက်ပြန်၏။ ဤတစ်ကြိမ်၌ မြွေကြီးမဟုတ်တော့ပဲ သူမထံသို့ လွန်စွာချောမော ခန့်ညားသော လူသားတစ်ဦး ရောက်လာခြင်း ဖြစ်၏။

"အိုမိခင် ... ...မိခင်ဖခင်တို့ ၏ ကျေးဇူးကား ကြီးလေစွ။ သားမောင်ခုခါ၌ ဆာလောင်မွတ်သိပ်မှုတို့ မရှိ။

မိခင်ဖခင်တို့ ကျွေးမွေးသော အဟာရကြောင့် သားမောင်မှာ ကောင်းစွာအားအင်သစ်တို့ ပြည့်ဝရပါ၏။"

"သန့်ရှင်းသော မြေ၌ နေရာပေးထားခြင်းကြောင့်လည်း ကောင်းစွာ နေရပါ၏ ။

"အိုမိခင် ... ....၊ ဖခင်အား ဤသို့ ဆိုပါလေ။ ယနေ့မှ လွန်မြောက်သော် လပြည့်ည အခါ၌ ချောင်းရိုးရှိ တောက်ခေါက်သံကြားရာအရပ်သို့ တိုင် လှေဖြင့် လာ၍ ကွန်ကို ပစ်ပါ ။ ကွန်ချက်၌ ဖခင်နှင့်မိခင်အတွက် သားမောင် လက်ဆောင်ပေးပါအံ့၊ ကျေးဇူးဆပ်ပါအံ့"

မရင်မြက ငြင်းဆိုစကားဆိုရန် အားထုတ်၏။ သို့သော် စကားသံတို့

ထွက်မလာပဲ သူမ၏ ရှေ့မှာ လူချောလေးသည် ပျောက်ကွယ် သွားပြန်၏

နောက်တစ်ရက် ညဦးပိုင်းမှာ ကိုက ဦးတစ်ယောက် မရင်မြ ပြောသည့်အတိုင်း ချောင်းရိုးထဲ လှေဖြင့် ထွက်လာခဲ့၏

ကိုကံဦး မယုံမရဲဖြင့် လှေကို ချောင်းရိုးတစ်လျှောက် လှော်ခတ်လာ၏။ ကွမ်းပင်များ ပေါက်နေသော ကမ်းရိုးအရောက်တွင် ထူးခြားစွာ မြူခိုးကဲသို့အခိုးအငွေ့များ ရေပြင်ပေါ်၌ ဖုံးလွှမ်းနေ၏။

သူ တစ်ခါမှ မကြုံဖူးသော အခြေအနေဖြစ်သည် ။ နွေခေါင်ခေါင် မြူခိုးတွေက ဘယ်အရပ်က လွင့်လာသလဲသူ မဝေခွဲနိုင်ချေ။

သူ့လှေ နံဘေးမှ သတ္တဝါတစ်ကောင်ဖြတ်သွားသလို ခံစားလိုက်ရသည်

ငြိမ်သက်နေသော လှေပင် လူးလွန့်သွားလေ၏။ ရေပြင်၌ လှိုင်းတွန့်သွား၏။ မကြာပါ ။ သူ့နားထဲသို့ ....

"တောက် ..."

ကျယ်လောင်သော တောက်ခေါက်သံသူ ကောင်းစွာ ကြားလိုက်ရသည် ။ အသံပဲ ကြားရပြီး အသံရှင်ကို မမြင်ရ။ ပြင်းရှသော အသံက သူ့တစ်ကိုယ်လုံးအား ကြက်သီးမွေးညင်းများ ထသွားစေ၏။ ထိတ်လန့်မိသည် မှန်သော်ငြားလည်း တွေဝေမနေပါ။

ကိုကံဦး တုန့်ဆိုင်းမနေပဲ ထိုနေရာ၌ ပိုက်ချလိုက်သည် ။

ပိုက်ကို ပြန်သိမ်းတော့ ... ပိုက်ထဲမှာ ငါးတွေ အများကြီး ပါလာ၏။ ကိုကံဦးပျော်လိုက်သည့် ဖြစ်ခြင်း။ သူ့ဇနီးမွေးခါနီး နတ်ကောင်းနတ်မြတ်များက မ သည် ဟု သာ တွေးထင်လိုက်သည် ။

သူတဲကို ပြန်ရောက်တော့ မရင်မြကကြိုနေ၏။ ကိုကံဦး ဝမ်းသာအားရဖြင့်

"မိန်းမရေ ...ငါတို့ တော့အဆင်ပြေပြီဟေ့ ၊ ဒီရက်ပိုင်းချောင်းထဲက လူတိုင်း ငါးမရကြဘူး။ ငါတို့ ကျမှ ထူးထူးခြားခြား ငါးတွေ အများကြီး ရလာတယ် မိန်းမရေ"

ပိုက်ထဲက ငါးတွေကို ကိုကံဦး သူ့မိန်းမရှေ့ သွန်ချလိုက်တယ်။ ကိုကံဦးသွန်ချလိုက်တဲ့ အထဲမှာ ငါးတွေအပြင် ...

"ဟယ် လက်ကောက်နဲ့ ဆွဲကြိုးတော့"

မှန်၏။ လက်ကောက်ထူထူကြီးတစ်ကွင်းနှင့် ဆွဲကြိုးကြီးတစ်ကုံး။ မရင်မြယူ ကြည့်လိုက်သည် ။ သွားဖြင့် ကိုက်ကြည့်၏။ ထို့နောက် လက်ဖြင့် အလေးချိန်ကို ချိန်ဆကြည့်ပြန်သည် ။

မရင်မြ ပြုံးရွှင်စွာဖြင့် ... "ကိုကံဦးဒါ ဒါ ရွှေအစစ်တွေ၊ လက်ကောက်က ၃ကျပ်သားလောက်

ရှိမယ်။ ဆွဲကြိုးကတော့ ၅ကျပ်သားအနည်းပဲ တော့"

ကိုကံဦးက မရင်မြ ရွှေအကြောင်း ကောင်းစွာနားလည်သည် ကို ယုံကြည်ပါ၏။ ဘာလို့ လဲဆိုတော့ မရင်မြကသူနဲ့ မယူခင်က ရွှေတွဲလွဲ ငွေတွဲလွဲနှင့် သူဌေးသမီး မဟုတ်လား

မရင်မြ၏ အသက်က ၂၁နှစ်၊ ကိုကံဦး၏ အသက်က ၃၄နှစ်။ သူတို့ လင်မယားအသက်က အပုံကြီးကွာ၏။

ကိုကံဦးကို မရင်မြ ယူတော့၊ မိဘများက ခါးခါးသီး သဘောမတူငြင်းဆိုကြသည် ။ မရင်မြက မိဘများ သဘောမတူသည့် အကြားမှ ကိုကံဦးနောက်သို့ အသက် ၂၀အရွယ်တွင် လိုက်ခဲ့လေ၏

မရင်မြ မိဘများက မရင်မြကို သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်၏။ မရင်မြ၌ မခင်မြဟူသော အသက်ငယ်ရွယ်သည့် ညီမငယ်တစ်ဦး ရှိ၏

မရင်မြ၏ အမည်ရင်းမှာ မရင်မြစီဖြစ်ပြီး၊ အငယ်မလေး မခင်မြ၏ အမည်ရင်းသည် မခင်မြကြွယ် ဖြစ်ပါ၏

မရင်မြ၏ မိဘများ ဖြစ်ကြသော ပွဲစာကြီးဦးဘစီနှင့်ပွဲကတော် ဒေါ်ကြွယ်ဆိုတာ မန္တလေးမြို့၊ ဒါးတန်းအရပ်၌ ကြွယ်ပိုးကြွယ်ဝ ရှိကြသော သူဌေးများ ဟု ထင်ပေါ် ကျော်ကြားလေ၏။

မရင်မြ၏ မိဘများ ၏ စီးပွားရေးက ရှမ်းပြည်နှင့်တိုက်ရိုက် အဆက်အသွယ် ရှိသော ပွဲရုံများ ထောင်ထား၏။

" မြ " ပွဲရုံဟူ၏။ ကုန်တင် လော်ရီကားကြီးများ လည်း ပိုင်ဆိုင်၏။ ထိုခေတ်က လူချမ်းသာ စာရင်းဝင် မြို့မျက်နှာဖုံးများ ဖြစ်ကြသည် ။

ကိုကံဦးက သူဌေးဦးဘစီ၏ ပွဲရုံမှ အလုပ်သမားတစ်ဦးသာ ဖြစ်သည် ။

တိုးတက်လိုသော စိတ်ရှိသူဖြစ်ပြီးသူဌေးခိုင်းသမျှကျိုးနွံ့သူ ဖြစ်၏။

အမြော်အမြင် ရှိသဖြင့် မော်တော်ကားအမောင်းသင်ထား၏။ ကျွမ်းကျင်စွာမောင်းတတ်ပြီ ဖြစ်၏။

အသားညိုညို ၊ အရပ်မြင့်၏။ မျက်လုံးမျက်ဖန် ကြည့်ကောင်း၏။ ဆံပင်ကို အမြဲသပ်ရပ်စွာ ဖီးသင်ထားလေ့ရှိ၏။

ခိုင်းစေရာမှာ ဖင်ပေ့ါသဖြင့် သူဌေးဦးဘစီက ကိုကံဦးကို ပွဲရုံမှာ မထားပဲအိမ်သို့ ခေါ်ယူထားရာမှ မရင်မြနှင့် ငြိစွန်းခဲ့ကြခြင်း ဖြစ်သည် ။

သူဌေးဦးဘစီနှင့်ဒေါ်ကြွယ်တို့ ၌ သမီးနှစ်ယောက်သာ ထွန်းကားသည် ။ မရင်မြက ပထမသမီးကြီး ဖြစ်ပြီး၊ မရင်မြအောက်၌ မခင်မြဟူသော ညီမငယ်တစ်ဦး ရှိလေသည် ။

ဒါးတန်းရပ်ရှိ ရွာနေပြည်ထိုင် ဇာတိသားအချို့က ပြောကြ၏။ မရင်မြသည် မွေးစားသမီး ဖြစ်သည် ဟူ၏။ မရင်မြကိုမွေးစားပြီး ၆နှစ်လောက်ကြာမှ ပွဲကတော်မှာ ကလေးရသည် ဟု ဆိုကြ၏။

သို့သော် မရင်မြကို မွေးစားသမီးဟု ပြောလျှင် သူဌေးဦးဘစီတို့ လင်မယားက အလွန် စိတ်ဆိုးတတ်ကြသည် တဲ့ ။

မရင်မြကို သမီးအဖြစ်မှ စွန့်လွှတ်ပြီးလုံး၀ ပြန်လှည့်မကြည့်ခြင်းမှာ အရပ်ထဲက ပြောကြသလို မွေးစားသမီး ဖြစ်နေသောကြောင့်လားဆိုတာ သံသယဖြစ်ဖွယ်တည်း။

ညီအစ်မ၂ယောက်မှာ ၆နှစ်ခန့် အသက်ကွာခြား၏။ မရင်မြ ကိုကံဦးနှင့်အိမ်ထောင်ကျတော့ မခင်မြသည် အသက် ၁၄နှစ်သာ ရှိသေး၏။

ညီအစ်မ၂ယောက်မှာ လွန်စွာ ချစ်ခင်ကြသည် ။ အကြီးဖြစ်သော မရင်မြကညီမဖြစ်သူ မခင်မြလေးအပေါ် လွန်စွာအလိုလိုက်၏။ သမီးလေးလို ချစ်၏။

ထို့ကြောင့် အငယ်မ မခင်မြကလေးသည် မရင်မြကို အစ်မလိုရော အမေလိုပါ ချစ်ခင်တွယ်တာ ရှာသည် ။

မခင်မြကလေးသည် သူမ၏ မမကြီးမရင်မြကို လုယူသွားသည် ဟု စိတ်စွဲခါကိုကံဦးကို လွန်စွာ မုန်းတီးလေ၏။

သို့သော် သူမ၏ မမကြီးကိုတော့ ယနေ့တိုင် သတိရလွမ်းဆွတ်နေဆဲ ဖြစ်၏ မိဘများအား စိတ်ဆင်းရဲစေသူ၊ သူမ၏ အချစ်ဆုံး အစ်မကြီး

ကို သူမနှင့်ကွဲစေသူ အဖြစ် ကိုကံဦးအား လွန်စွာ မုန်းတီးနေသူ ဖြစ်လေ၏။

အမွေပြတ် စွန့်လွှတ်ခံရပေမယ့်၊ မရင်မြ အပြုံးမပျက်ခဲ့။ သူမချစ်သောကိုကံဦးက လုပ်ကိုင် ကျွေးမွေးမည်ကို ယုံကြည်၏။ တည်ကြည်သော စိတ်ဓာတ်ရှိသည့် ကိုကံဦးအပေါ် သူမသည် စိုးစဉ်းမျှ အထင်သေးခြင်း မရှိချေ။

မရင်မြတို့ ညားခါစ၌ နေစရာမရှိ။ ကိုကံဦး၏ ဘကြီးက ချောင်းရိုးစပ်က သူပိုင်ယာမြေကို ခုတ်ထွင်ရှင်းလင်း၍ နေပါဟု အခွင့်ပေးသဖြင့် ဤနေရာကို နေထိုင်ကြခြင်း ဖြစ်ပါသည် ။

ကိုကံဦးက ရရာ အလုပ်ကို မခိုမကပ်ပဲ လုပ်ကိုင်ကျွေးမွေးသည် ။ ယာထဲဆင်း၏။ အားနေချိန် ချောင်းရိုးထဲ ငါးရှာ၏။

ရာသီပေါ် သီးနှံစိုက်ပျိုး၏။ ယာက ထွက်သမျှ သီးနှံကို မြို့ဈေးသို့ တင်ပို့ ရောင်းချ၏။

မပိုမလျှံပေမယ့် လင်မယား၂ယောက် စားလောက်၏။ မရင်မြ မီးဖွားခါနီးလေကိုကံဦး အလုပ်ကြိုးစားလေ ဖြစ်၏။

သူတို့ သည် ရထားသော ရွှေတို့ ကိုလုံးဝ မတို့ ထိကြချေ။ ဘာလို့ လဲဆိုတော့ မရင်မြ၏ တတိယအိပ်မက်၌ ....

"အိုမိခင် ... သားမောင်အား မိခင်၏ ဝမ်းကြာတိုက်၌ နေခွင့်ပြုပါ။ ဖခင်အားလည်း လပြည့်ညဌ် သာ ချောင်းရိုးက တောက်ခေါက်သံ အရပ်ကို သွားပါစေ။ မိခင်ဖခင်တို့ ရသော ရွှေထည် လက်ဝတ်ရတနာများအား ဤအရပ်၌ မရောင်းစေလင့်။

မြို့ပေါ်သို့ သွား၍ ရောင်းပါ ။ ထူးခြားသော လက်ဝတ်ရတနာ ရပြီး

နောက် ဤအရပ်ကို မြန်စွာ စွန့်ခွာပါ ။

ထိုရတနာအား သိမ်းဆည်းထားပါ။ ရတနာသည် သားမောင်၏ အသက်တည်း ...။

ထိုရတနာအား လိုချင်တပ်မက်၍ သားမောင်အား ရန်ရှာနေသူ ရှိပါ၏။

အမိအဖတို့ အား ဘေးမဖြစ်စေလို ၊ ထို့အတွက်ကြောင့် ရတနာအား ရယူပြီးပါက ဤအရပ်၌ မနေလင့် ။

ဤအရပ်ကို စွန့်၍ တစ်ပါးသော အရပ်သို့ အမြန်ဆုံး ထွက်ခွာကြပါမိခင်"

လပြည့်ညတိုင်း ရသော ရွှေထည်တို့ ကို ကိုကံဦးနှင့်မရင်မြတို့ သေချာစွာထုပ်ပိုး သိမ်းဆည်းထားကြသည် ။

လေးငါးလအတွင်း ရလာသောရွှေထည်များမှာ မြေအိုးငယ်တစ်လုံး စာလောက် စုမိနေပြီ ဖြစ်သည် ။ ရလာသည့် လက်ဝတ်ရတနာများမှာ ရွှေလက်ကောက်၊ ရွှေဘီး၊ ရွှေဆံထိုး၊ ရွှေဆွဲကြိုး ရွှေဘယက် ၊ ဒါမျိုး တွေကြည့်သာ ထူးဆန်းသော ရတနာဆိုသည် မှာ ဘာမှန်းမသိရသေး။ မရင်မြ ထိုသို့တွေးနေစဉ်မှာ ပဲ ကိုကံဦးလေ့ ပြန်ရောက်လာပါသည် ။

ထုံးစံအတိုင်း ပိုက်ကွန်ကို သွန်ချလိုက်သည် ။ လင်မယား၂ယောက် တစ်ဦးမျက်နှာ တစ်ဦး ကြည့်မိလိုက်ကြသည် ။ ငါးများ သာပါပြီး ခါတိုင်းလို လက်ဝတ်ရတနာ ရွှေထည်တို့ မပါပေ။

သို့သော် ခုန်ပေါက်နေသော ငါးများ ထဲ၌ ငြိမ်သက်နေသော အနီရောင်အဆင်းရှိသည့် ငါးတစ်ကောင်မှာ ထူးခြားနေသည် ။

ကိုကံဦး ထိုငါးကို ကိုင်ကြည့်လိုက်သည် ။ ကိုကံဦးလက်၌ ငါးက မ

လှုပ်။ တောင့်နေလေ၏။ ငါးအသေ ဖြစ်၏။

ကိုကံဦး ထိုငါး၏ ဗိုက်ကို ညှစ်ကြည့်လိုက်သည် ။ သူ့လက်ထဲ မာတာတာ အရာတစ်ခုကို စမ်းမိလေ၏။

ငါးဗိုက်ကို မသက်ာ၍ ခွဲ ကြည့်လေသောအခါ ဗိုက်ထဲမှ လက်စွပ်တစ်ကွင်း ထွက်ပေါ်လာ၏။

လက်စွပ်ကို ရေဆေးလိုက်သည် ။ အနက်ရောင် မဟူရာကျောက်ကို ရွှေသားဖြင့် ကွင်းထားသည့် လက်စွပ်ဖြစ်သည် ။

မဟူရာ ကျောက်ပါသော မောင်းကွင်း လက်စွပ်။ ကိုကံဦးက ဘာရယ်မဟုတ် သူ၏ လက်သူကြွယ်မှာ ထိုလက်စွပ်ကို စွပ်ရန် ရာလိုက်သည် ။

"ဝေါဖြောဖြော"

တဲအိမ်လေး လှုပ်ခါသွားသည် ။ သူတို့ လင်မယား အနီး တစုံတရာ ဖြတ်သွားသကဲ့သို့ လေပွေလေး တိုက်ခတ်သွားသည် ။

တဲအိမ်မှာ ချိတ်ဆွဲထားသော မီးအိမ်ပင် ငြိမ်းလုလု ဖြစ်သွားလေ၏

ကိုကံဦး နောက်တစ်ကြိမ် လက်စွပ်ကို စွပ်ရန် ကြိုးစားလိုက်ပြန်သည် ။

"ခွမ်ခလွမ်ခွမ်း"

ထူးခြားဆန်းပြား လှသည် ။ တဲအိမ်အဝက ပန်းကန်စင်မှ အိုးခွက်ပန်းကန်များ သည် လူက ယူပစ်လိုက်သကဲ့သို့ဝဲပျံကုန်ကြသည် ။

ကိုကံဦး မျက်လုံးပြူးသွားလေပြီ။ မရင်မြက ဆတ်ကနဲ ကိုကံဦးလက်မှ မဟူရာလက်စွပ်ကို လုယူလိုက်ပြီး ....

"ကိုကံဦး မနက်ဖြန် မနက်စောစောကျုပ်တို့ ဒီနေရာကနေ ရွှေ့ကြရအောင်ပြင်စရာရှိတာတွေသာ ပြင်ထား"

ကိုကံဦးဆိုတာက မရင်မြ၏ စကားကို ဦးထိပ်ထားသူမဟုတ်လား။ ဘာစကားမှ မဆိုတော့ပဲ တဲထဲဝင်သွားပြီးလိုအပ်မည်ထင်တာလေးတွေ ရွေး၍ သိမ်းဆည်း နေ၏။

မရင်မြကတော့ တဲဝမှာ မတ်မတ်ရပ်ရင်း သူမလက်ထဲက မဟူရာလက်စွပ်လေးကို ကြည့်နေ၏

တယုတယဖြင့် ကျောက်အမည်းလေးကို ပွတ်သပ်ကြည့်သည် ။ ကျောက်၏ သဘောသဘာဝမှာ အေးမြ၏။ သို့သော်မရင်မြ ကိုင်ကြည့်သော ကျောက်မှာ နွေးနေ၏။ မရင်မြ ဤသို့ တွေး၏။

ဒါ မဟူရာ ကျောက် မဟုတ်ပါလား။ အဖေ ပြောဖူးခဲ့တဲ့ အလွန်ရှားပါးသည် ဆိုသော "အမတေ"( အမြုတေ)ဆိုသည် များ လား ။ အမတေတွေထဲမှာ မြွေအမတေက အရှားပါးဆုံးပဲ ဟု သူမ၏ ဖခင်က ပြောပြဖူးသည် လေ ....။

မရင်မြ သက်ပြင်းမောကို ချ၏။ အိပ်မက်ထဲက သားမောင်က သူ့အား အသေအချာ မှာ သွားခဲ့သည် မဟုတ်လား။ ထူးခြားသော ရတနာကို ရပါက နေရပ်ကို စွန့်ခွာပါတဲ့ ။ ထို ရတနာကို လိုချင်တပ်မက်နေသော သူ ရှိပါသတဲ့ ။

ထိုသူက သူတို့ အား ရန်သတ္တုပြုလိမ့်မည်ဟု သတိပေးထားလေတော့ ... မရင်မြ ဤလက်စွပ်ကို အသေအချာကွယ်ဝှက် သိမ်းဆည်းထားမည်ဟု ဆုံးဖြတ်ချက် ချ လိုက်လေတော့သည် ။

နောက်တစ်နေ့ နံနက်၌ ကိုကံဦးရော မရင်မြပါ ယာတဲအိမ်လေးမှာ

မတွေ့ကြရတော့ချေ။ မီးဖွားလုလု မရင်မြနှင့်ကိုကံဦး ဘယ်ရောက်သွားကြလဲ။

ရွာထဲလူကုန် အံ့အားသင့်နေကြသည် က ယာတဲလေးရှေ့မှာ ပြန့်ကြဲနေသော အိုးခွက် ပန်းကန်အကွဲများ နှင့် ဝါးတောစပ်က နို့ပန်းကန် ပျားရည်စိမ်ထားသော ပေါက်ပေါက်ပန်းကန်တို့ ဖြစ်ကြသည် ။

သို့သော် ထိုနေရာ၌ ခြတောင်ပို့ အဟောင်းလေး လုံးဝ မရှိတော့ပါ။

သူတို့ လင်မယား ပျောက်သွားကြသလိုပဲ။ ဝါးတောအစပ်က ခြတောင်ပို့ အဟောင်းလေးသည် လည်း သူ့လိုလို ပျောက်ကွယ်သွားခြင်း ဖြစ်လေ၏။

စိမ်းစိုနေသော သီးနှံစိုက်ခင်း၊ နေချင်စဖွယ် ယာတဲအိမ်လေး၊ စီးဆင်းမြဲစီးနေသော ချောင်းရေကျယ် ၊ ကမ်းနံပါးကို တဒုတ်ဒုတ် ဦးတိုက်နေသည့်သခင်မဲ့ လှေဟောင်းလေး ၊ထိုအရာအားလုံးကို စွန့်ပစ်သွားသော ကိုကံဦးတို့ လင်မယား၊ ဘယ်ရောက်သွားကြလဲ၊ ဘာဖြစ်ကုန်ပြီလဲ၊ ပြန်လာကြဦးမှာ လား၊ အပြီးတိုင်စွန့်ခွာသွားကြတာလား၊ အသတ်ခံရတာများ လား ၊ သတ်သေသွားကြတာလား စသဖြင့် ...အမျိုးမျိုးသော ပဟေဠိများ စွာ။

ဝဲလောင်ရွာကလေး၌ ရွာသားတို့ သည် သူတို့ အချင်းချင်း မေးကြ ရင်းတိကျရေရာစွာ မဖြေနိုင်သော ပဟေဠိများ စွာဖြင့်သာ ကျန်ရစ်ခဲ့ကြလေ၏။

(၃ပိုင်း ရက်ဆက် တင်၍ ၁ရက်နားပါမယ်နော်။ ကျေးဇူးတင်ပါတယ်ဗျ။ )

(ဆက်ရန်)

နပိ (မန္တလေး)
11:30pm
May 23. 2020

***